# ကျမ်းစာထဲတွင်ခရစ္စမတ်ဆိုသည်ကိုတွေ့ရှိရပါသလား။

**( Is Christmas in the Bible ? )**

---

*အာရှတွင်ရှိသောဘုရားသခင်၏အသင်းတော်*

# ကျမ်းစာထဲခရစ္စမတ်ဆိုသည်ကိုတွေ့ရှိရပါသလား။

ဤကမ္ဘာလောကတွင်ခရစ္စမတ်ဆိုသည့်နေ့ရက်ကိုသခင်ယေရှု၏မွေးနေ့အဖြစ်ပွဲကျင်းပလာကြပါသည်။ ၎င်းမှာရောမပြက္ခဒိန်အရ ဒီဇင်ဘာ ၂၅ ရက်နေ့တွင်ဖြစ်ပါသည်။

သို့ပေမယ့် ကျမ်းစာထဲတွင်ခရစ္စမတ်ဆိုသည်ကိုတွေ့ရှိရပါသလား။ထိုနေ့တွင်ထိန်းသိမ်းစောင့်ရှောက်ဖို့ ဘုရားသခင် ပညတ်ထားခဲ့ပါသလား။ အကယ်၍ ကျမ်းစာထဲတွင်ခရစ္စမတ်ဆိုသည်ကိုမတွေ့ရှိရလျှင်ထိန်းသိမ်းစောင့်ရှောက်သူတိုင်းအပြစ်ရှိပါသလား။အကယ်၍ကျမ်းစာထဲတွင်ခရစ္စမတ်ဆိုသည်ကိုမတွေ့ရှိရသည့်အတွက်အဘယ်မှပေါ်ပေါက်လာပါသနည်း။

ထိုမေးခွန်းများကိုဤစာအုပ်ထဲတွင်အဖြေများရှိပါသည်။

**ကျမ်းစာထဲတွင်ခရစ္စမတ်ဆိုသည်ကိုတွေ့ရှိရပါသလား။**
အရှင်းဆုံးမေးခွန်း၏အဖြေမှာ **"မရှိပါ"** ဘယ်နည်းနဲ့ဖြစ်ဖြစ်ကျမ်းစာထဲတွင်ဖော်ပြထားခြင်းမရှိသည့်အပြင် ကယ်တင်ရှင်သခင်ယေရှု၏မွေးနေ့တွင်အတူတကွပါဝင်ဆင်နွဲရမည်ဟုပြောဆိုထားခြင်းလည်းမရှိပါ။၎င်းအစားသခင်ယေရှုအသက်ပေးခဲ့သည့်နေ့အဖို့ ပသခါပွဲတော်ကိုကျင်းပဖို့ပညတ်တော်ထားရှိခဲ့ပါသည်။ ( **လုကာ ၂၂း၁၅–၂၀**) ကိုဖတ်ရှုရန်။

A. ကျမ်းစာထဲခရစ္စမတ်ဆိုသည့်စကာလုံးမရှိပါ။
B. ကယ်တင်ရှင်သခင်ယေရှု၏မွေးနေ့အတွက်အားလုံးအတူတကွပါဝင်ဆင်နွဲရမည်ဟုပညတ်တော်ထားရှိခဲ့ခြင်းလည်းမရှိပါ။

**မဿဲ ၁** နှင့် **လုကာ ၂** တွင်တမန်တော်များဖော်ပြထားသည်မှာကယ်တင်ရှင်သခင်ယေရှု၏မွေးနေ့အကြောင်းသာဖြစ်ပါသည်။
ကျမ်းစာထဲတွင် သခင်ယေရှု၏မွေးနေ့အကြောင်းကိုသေချာစွာပြောဆိုထားသော်လည်း ထာဝရဘုရားသခင်၏သားတော်ဖြစ်တဲ့ သခင်ယေရှု ရဲ့ မွေးနေ့

တွင်အားလုံးအတူတကွပါဝင်ဆင်နွှဲရမည်ဟု ပညတ်တော်ထားရှိခဲ့ခြင်းလည်း မတွေ့ရှိရပါ။

"ပထမ သုံးရာစုတွင်ရှိသောအဖခမည်းတော်များ(သမိုင်းထဲရှိအသင်းတော်များ)လည်းသခင်ယေရှု၏မွေးနေ့အကြောင်းကိုပါဝင်ဆင်နွှဲရမည်ဟုပြောကြားခြင်းမရှိပါ။ ဓမ္မဟောင်းကျမ်းတွင်လည်း ထို့နေ့၊ လ၊ နေ့ရက်သည် မေရှိယ၏မွေးနေ့ဖြစ်ကြောင်းနှင့် သမိုင်းတွင်ရှိတမန်တော်များ၊ ဧဝံဂေလိသတင်းစကားများတွင်ပွဲတော်ကျင်းပရန်စိတ်ဆုံးဖြတ်ခြင်းလည်းမရှိပါ။"
( Christmas, Cyclopedia of Biblical, Theological and Ecclesiastical Literature, by Rev. John McClintock and Jame Strong, p. 276.) စာအုပ်မှကောက်နှုတ်ထားပါသည်။

"အဖခမည်းတော်များ"၏ကိုးကားပြောဆိုထားသည့်အဓိပ္ပါယ်မှာ အစောပိုင်း အသင်းတော် စာရေးသူများ နှင့် သမိုင်းရေးဆရာများဖြစ်ပါသည်။

အကယ်၍ခရစ္စမတ်ပွဲကျင်းပရမည်ဆိုလျှင် သခင်ယေရှုသည်အဘယ်ကြောင့်ကျမ်းစာထဲတွင်ရေးသားထားခြင်းမရှိပါသလဲ။နှစ်ရာစုနောက်ပိုင်းတမန်တော်ရှင်ပေါလု သေပြီးနောက်(AD 100-300 ) မှပေါ်ပေါက်လာခဲ့ပါသည်။ သခင်ယေရှု သည် ခရစ္စမတ်ပွဲတော်ကို ယုံကြည်မှုအပြည့်ဖြင့်ပါဝင်ဆင်နွှဲကျင်းပခဲ့သည်ကိုတွေ့ရှိရပါသလား။ စောပိုင်း အသင်းတော်သမိုင်းတွင်လည်း သခင်ယေရှုမွေးနေ့အတွက်ပါဝင်ဆင်နွှဲခဲ့ခြင်းမရှိပါ။

အစောပိုင်းအသင်းတော် ကက်သလိတ် ( Catholic ) စွယ်စုံကျမ်းထဲတွင်လည်း ခရစ္စမတ်နေ့သည်သန့်ရှင်းကြောင်းပြောဆိုထားခြင်း မရှိသည့်အပြင် ပွဲတော်ကျင်းပခြင်းလည်းမပြုလုပ်ကြပါ။ အီရေးနီးရက်(စ်)( Irenaeus )နှင့်ထားထူးလျှန် ( Tertullian ) တို့ကျင်းပခြင်းမှထင်ကျန်ခဲ့ရခြင်းဖြစ်ပါသည်။ ( Catholic Encycloedia, section under heasing of Christmas entitled Early Celebration, http://www.newadvent.org/cathen/03724b.htm) မှကောက်နှုတ်ထားပါသည်။

**သမိုင်းတွင်ရှိ အချက်အလက်မှာ** – အစောပိုင်းအသင်းတော်တွင်ခရစ္စမတ်ပွဲတော်ကျင်းပခြင်းမပြုလုပ်ကြပါ။ AD 4 ရာစုမှစတင်ကာရောမကက်သလိတ် ( Catholic ) အသင်းတော်တွင်ထိုပွဲကို ကျင်းပကြပါသည်။ သူတို့မကျင်းပသေးသည့်အချိန်ထိခရစ်ယာန်များသည်လည်း ခရစ္စမတ်ပွဲတော်ကိုကျင်းပခြင်းမပြုလုပ်ကြသေးပါ။ထိုပေါ်ပေါက်လာခြင်းမှာသခင်ယေရှုမွေးဖွားပြီးနှစ်ပေါင်း 300 ကြာပြီးနောက်ပေါ်ပေါက်လာခြင်းဖြစ်ပါသည်။

## ဒီဇင်ဘာ ၂၅ ရက်နေ့တွင်သခင်ယေရှုမွေးဖွားခဲ့ပါသလား။

ကမ္ဘာပေါ်တွင်လူအများဆုံးသည်ဒီဇင်ဘာ ၂၅ ရက်နေ့တွင်သခင်ယေရှုမွေးဖွားခဲ့သည်ဟုဆိုကာပွဲတော်ကျင်းပကြသော်လည်းကျမ်းစာထဲတွင်မွေးနေ့အတိအကျဖော်ပြထားခြင်းတွေ့ရှိရပါသလား။

အတိုဆုံးအဖြေမှာ– မရှိပါ။

"အရေးကြီးလှသည့်ကျမ်းစာအရကောက်နုတ်ချက်မှာဒီဇင်ဘာ ၂၅ရက်နေ့တွင်သခင်ယေရှု၏မွေးနေ့လုံးဝမဟုတ်မမှန်ကြောင်းသာဖြစ်သည်။"
( The meaning,Celebration and Date of Christmas, by Dr. Samuele Bacchiocchi, p.15 ) စာအုပ်မှကောက်နုတ်ထားပါသည်။

ဤခရစ္စမတ်ဆိုသည့်စကာလုံးသည်အင်္ဂလိပ်စကားလုံးဟောင်းနှစ်ခုမှဆင်းသက်လာကာ ခရစ်နှင့်ပွဲအစီအစဉ်ကိုပေါင်းစပ်ခါမှ "ခရစ်၏ပွဲတော်"ဖြစ်လာခဲ့သည်။ တမန်တော်များ သင်ကြားပေးခဲ့သည့် ရှေးကနဦးအသင်းတော် နှစ်ပေါင်းတထောင်ကျော်ကြာပြီးနောက်မှ "ခရစ်၏ပွဲတော်"အဖြစ် AD 1038 ခုနှစ်မှ ပထမဦးဆုံးစတင်အသုံးပြုလာခဲ့သည်။

ကျမ်းစာအတွင်းအပြင်ရောသခင်ယေရှုသည်ဒီဇင်ဘာ ၂၅ရက်တွင်မွေးဖွားကြောင်းသက်သေခံချက်မရှိပါ။ ကျမ်းစာ ပညာရှင်များသဘောတူထားသည်မှာသခင်ယေရှုသည် စက်တင်ဘာ သို့မဟုတ် အောက်တိုဘာလ တွင်မွေးဖွားကြောင်းကျမ်းစာထဲတွင်သက်သေပြထားပါသည်။

# သခင်ယေရှုသည်ရောမ ဆန်စူး(စ်)(Census) ခေတ်အချိန် ဗက်လင်မြို့၌မွေးဖွားခဲ့သည်။

ယောသပ်နှင့်မာရိသည် နာဇရက်မြို့တွင်နေစဉ်သခင်ယေရှုကိုမွေးဖွားခဲ့ခြင်းမဟုတ်ဘဲဗက်လင်မြို့တွင်မွေးဖွားခဲ့ခြင်းသာဖြစ်ပါသည်။ အဘယ်ကြောင့်ယောသပ်သည် ကိုယ်ဝန်အရင့်အမာဖြစ်နေသော မာရိကိုဗက်လင်မြို့သို့ခေါ်ဆောင်သွားပါသနည်း။

ပထဦးဆုံးအနေဖြင့် ပရောဖက်သည်သခင်ယေရှုမွေးနေ့အကြောင်းကိုမိက္ခာကျမ်းတွင်ရေးသားထားပါသည်။

**မိက္ခာ ၅း၂** "အိုဗက်လင်ဧရတ်မြို့၊ အစိုးရသော ယုဒမြို့တို့တွင်သင်သည်မြို့ငယ်မြို့ယုတ်ဖြစ်သော်လည်း၊ ဣသရေလ အမျိုးကိုအုပ်စိုးရသော သခင်သည်ငါ့ အဘို့သင်၏အထဲမှာ ပေါ်ထွန်းရလတံ့။ ထိုသခင်သည် ရှေးကပ်ကမ္ဘာမှစ၍ ပေါ်ထွန်းသော သခင်ဖြစ်၏။"

သို့သော်လည်းထိုအချိန်တွင်ရောမအင်ပါယာဩဂုတ္တု (Augustus) အုပ်စိုးထိန်းချုပ်ထားည့်အချိန်ဖြစ်သောကြောင့်ယောသပ်နှင့်သူ့မိသားစုသည် ဗက်လင်မြို့သို့သွားရခြင်းဖြစ်ပါသည်။

**လုကာ ၂း၁–၅** "ထိုအခါတနိုင်ငံလုံးကို စာရင်းယူစေခြင်းငှါကဲသာဘုရင်ဩဂုတ္တုသည် အမိန့်တော်ရှိ၏။ ကုရေနိသည် ရှုရိပြည်၌မြို့ဝန်ဖြစ်စဉ်တွင်၊ဤပဌမစာရင်းယူခြင်း ဖြစ်သတည်း။ လူအပေါင်းတို့သည်စာရင်းဝင်ခြင်းငှါ အသီးသီးမိမိမြို့သို့သွားကြ၏။ ယောသပ်သည်လည်းဒါဝိဒ်အမျိုးအနွယ်ဖြစ်၍၊ထိမ်းမြားဆောင်နှင်းသော မယား မာရိနှင့်အတူစာရင်းဝင်ခြင်းငှါ၊ဂါလိလဲပြည်နာဇရက်မြို့မှယုဒပြည်တွင်ဗက်လင်အမည်ရှိသောဒါဝိဒ်၏မြို့သို့သွား၏။ ထိုအခါ မာရိသည်ပဋိသန္ဓေအရင့်အမာရှိ၏။"

ဩဂုတ္တု (Augustus) အင်ပါယာခေတ်တွင်တနိုင်ငံလုံးကို စာရင်းယူစေခြင်းငှါ အမိန့်တော်ရှိ၏။ ယောသပ်သည် ဒါဝိဒ်အမျိုးအနွယ်ဖြစ်၍၊ မာရိနှင့်အတူစာရင်းဝင်ခြင်းငှါ၊ဂါလိလဲပြည်နာဇရက်မြို့မှယုဒပြည်တွင်ဗက်လင်အမည်ရှိသော ဒါဝိဒ်၏မြို့ သို့သွား၏။ ထိုအကြောင်းပြချက်ကြောင့် ယောသပ်သည် ဂါလိလဲပြည်နာဇရက်မြို့မှ ယေရုရှလင်မြို့နှင့် နီးသော ဗက်လင်အမည်ရှိသော မြို့သို့သွား၏။ ရောမဥပဒေမှာယုဒလူမျိုးများကိုဆောင်းတွင်းဒီဇင်ဘာလအချိန်တွင် ခရီးသွားခွင့် မပြုရသည့် အကြောင်းအရင်းမှာ နှင်းများ တဖွဲဖွဲကျသည်မှာ မိုးသည်းပမာလူကိုအရမ်းအေးစေသောကြောင့်ခရီးသွားခြင်းအခက်အခဲရှိသည့်အတွက်ဖြစ်ပါသည်။ ထိုအစားခရီးသွားလာခွင့်ပြုသည့်လမှာစက်တင်ဘာလသို့မဟုတ်အောက်တိုဘာလဖြစ်ပါသည်၊၊ အဘယ်ကြောင့်ဆိုသော်တနှစ်လျှင်သုံးကြိမ် ယေရုရှလင်မြို့တွင် သကနေပွဲတော်သွားရောက်ကျင်းပကြပါသည်။ ( **ထွက်မြောက်ရာကျမ်း ၂၃း၁၇** ) တွင်တွေ့ရှိရပါသည်။

## ညအချိန်တွင်သိုးထိန်းများသည်ဗက်လင်မြို့အနီးရှိ စားကျက်ကွင်းတွင်ရှိခဲ့ပါသည်။

ကျမ်းစာထဲတွင်ပြောထားသည်မှာ သခင်ယေရှုမွေးဖွားစဉ်တွင်သိုးထိန်းများသည်စားကျက်ကွင်းတွင်သိုးများကို ထိန်းကျောင်းနေသည့်အချိန်ဖြစ်ပါသည်။ ထိုဖြစ်ပွားသည့်အချိန်မှာ ဒီဇင်ဘာလနှင့်ဇန်နဝါရီလကြားတွင်ဖြစ်နိုင်ချေမရှိပါ။ နှင်းများတဖွဲဖွဲကျသည်မှာမိုးသည်းပမာလူကိုအရမ်းအေးစေသောကြောင့် သိုးထိန်းများသည် စားကျက်ကွင်းတွင်သိုးများကို ထိန်းကျောင်းနေနိုင်မည် မဟုတ်ပါ။ အောက်တိုဘာ အစောပိုင်းသာ သိုးများကို သွားစောင့် အိပ်ရခြင်းဖြစ်ပါသည်။

"ကျမ်းစာထဲတွင်ဖော်ပြထားသည်မှာ **ဒီဇင်ဘာ၂၅ရက်** တွင်မွေးဖွားခြင်းမကြိုက်မနှစ်သက်ရသည့်အကြောင်းအရင်းမှာအရမ်းအေးစေသောကြောင့်ဖြစ်ပါသည်။ ခရီးသွားစဉ် စာရင်းဝင်မှတ်ပုံတင်စာအုပ် နှင့် အခွန်အကောက် အ

တွက်အရမ်းအေးသောကြောင့်ကောက်ခံခြင်းအခက်အခဲရှိသည့်အတွက်ဖြစ်ပါသည်။ ( **လုကာ ၂း၈–၁၂**) သိုးထိန်းများသည် စားကျက်ကွင်းတွင်သိုးများကို ထိန်းကျောင်းနေသည့်အချိန်မှာ မတ်လကနေအောက်တိုဘာအစောပိုင်းအထိသာဖြစ်ပါသည်။ သိုးထိန်းများသည်အရမ်းအေးသည့်ဆောင်းတွင်းတွင်ထိန်းကျောင်းခြင်းမပြုပါ။" ( http:// www.allaboutjesuschrist.org/was-jeses-born-on-december-25-faq.htm) မှကောက်နုတ်ထားပါသည်။

သိုးထိန်းများသည်စားကျက်ကွင်းတွင်သိုးများကိုစောင့်ထိန်းအိပ်စက်ခြင်းမရသည်မှာ အပြင်တွင်အေးစက်ပြီး နှင်းများတဖွဲဖွဲကျသည့်နှင်းစက်များဟာ မိုးသည်းပမာစိုစွတ်စေသောကြောင့်သခင်ယေရှုသည်ဒီဇင်ဘာလတွင်မွေးဖွားခဲ့ခြင်းမဟုတ်ပါ။

## နှစ်ခြင်းဆရာရှင်ယောဟန်မွေးဖွားခြင်း

သခင်ယေရှုမွေးဖွားစဉ်တွင်သက်သေခံအဖြစ် နှစ်ခြင်းဆရာရှင်ယောဟန်သည်လည်းမွေးဖွားကြောင်းကျမ်းစာထဲတွင်ဖော်ပြထားပါသည်။နှစ်ခြင်းဆရာရှင်ယောဟန်နှင့် သခင်ယေရှုသည်ဝမ်းကွဲညီအစ်ကိုဖြစ်ပါသည်။ ယောဟန်၏မိခင်ဧလိရှဗက် နှင့် သခင်ယေရှု၏မိခင်မာရိတို့သည် ပဌမဦးဆုံးသောဝမ်းကွဲညီအစ်မ ဖြစ်ပါသည်။

ယောဟန်၏အဖခမည်းတော်မှာ ယဇ်ပုရောဟတ်ဇာခရိဖြစ်၏။ သူသည်ဘုရားသခင်၏ဗိမာန်တော်တွင် အလုပ် လုပ်နေစဉ်တွင် ရှင်လုကာကျမ်း တွင်ပြောထားသည်မှာ ကောင်းကင်တမန်ကလည်း သင်၏ ဇနီးဧလိရှဗက် သည်သားယောကျာ်းကို ဘွားမြင်းလိမ့်မည်ဟု ပြောဆိုလေ၏။ ကောင်းကင် တမန်ပြောသည်ကို မယုံသောကြောင့် ဗိမာန်တော်တွင်အလုပ် လုပ်နေသည့်အချိန်အတောအတွင်းအထိစကားမပြောနိုင်ဘဲအလျက်နေလေ၏။ယဇ်ပရောဟိတ် အမှုကိုဆောင်ရွက်ပြီး မိမိအိမ်သို့ပြန်ရောက်သွားချိန်တွင် သူ၏ခင်ပွန်းဧလိရှဗက်၌ ပဋိသန္ဓေစွဲလေ၏။ ( **လုကာ ၁း၅–၂၀**) ကိုဖတ်ရှုရန်။

ရှောလမုန်မင်းကြီး ဗိမာန်တော်ကိုတည်ဆောက်ခဲ့သော်လည်း ဒါဝိဒ်မင်းကြီးသည် နှစ်ကျိပ်လေးယောက်သော ယဇ်ပရောဟိတ် များကို ယေရုရှလင်မြို့ရှိ ဗိမာန်တော်၊ထာဝရဘုရားသခင်၏အိမ်တော်တွင်အမြဲဝင်၍အမှုတော်ဆောင်ရွက်စေဖို့ခွဲခန့်ထားပါသည်။ ( **ရာဇဝန်ချုပ် ၂၄း၇–၁၉**) ကိုဖတ်ရှုရန်။ အကျိပ်တိုင်းကို ဥပုသ်နေ့ ကနေ နောက်ဥပုသ်နေ့အထိ(ရှစ်ရက်) အမှုတော်ဆောင်ရွက်စေဖို့ ဟေဗြဲပြက္ခဒိန်ရဲ့ ပဌမလ ၏ ပဌမအပတ်မှစတင်လုပ်ဆောင်စေခဲ့ပါသည်။ ဇာခရိသည် အဘိယ အကျိပ်တွင်ပါဝင်ပြီး တနှစ်လျှင် နှစ်ကြိမ် ထာဝရဘုရားသခင်၏ အိမ်တော်တွင် အမြဲဝင်၍ အမှုတော် ဆောင်ရွက် ရပါသည်။ သို့သော် ပသခါပွဲ၊ ပင်တေကုတ္တေပွဲ၊ နှင့် သကနေပွဲ တိုင်းတွင် ယဇ်ပရောဟိတ်များအားလုံးအတူတကွဆောင်ရွက်ရပါသည်။

အခုကျွန်နုပ်တို့ရေတွက်ကြပါစို့။ ဟေဗြဲပြက္ခဒိန်ရဲ့ ပဌမလ ၏ ပဌမအပတ်မှာ ရောမခုနှစ်၏ ပြက္ခဒိန်တွင် မတ်လ သို့မဟုတ် ဧပြီလ ဖြစ်ပါသည်။ အကယ်၍ ခုနှစ်ပတ်ဖြင့်ရေတွက်ကြည့်လျှင် အဘိယ၏အကျိပ်ထဲမှ ဇာခရိအပါအဝင်တို့သည် မေလ သို့မဟုတ် ဇွန်လသို့ရောက်ရှိသွားပါသည်။ ဤအချိန်တွင် ဇာခရိ ၏ခင်ပွန်း ဧလိရှဗက်၌ ပဋိသန္ဓေစွဲခြင်းအကြောင်း ပြောဆိုလေ၏။

ဇာခရိတို့အကျိပ်အမှုတော်ဆောင်ရွက်ပြီးအိမ်တို့ပြန်ခဲ့ပါသည်။ သိပ်မကြာခင်တွင်ဧလိရှဗက်၌ပဋိသန္ဓေစွဲလေ၏။ (မေလ သို့မဟုတ် ဇွန်လတွင်ဖြစ်ပါသည်) (**လုကာ ၁း၂၄** "ထို့နောက် သူ၏ခင်ပွန်း ဧလိရှဗက်၌ပဋိသန္ဓေစွဲ၍၊")ဧလိရှဗက်၌ပဋိသန္ဓေစွဲခြင်း ခြောက်လကြာပြီးမှ ကောင်းကင်တမန် ရောက်လာကာဘုရားသခင်၏သန့်ရှင်းဝိညာဉ်တော်အားဖြင့် မာရိ၌လည်းပဋိသန္ဓေစွဲကြောင်းပြောလေ၏။ (**လုကာ ၁း၃၆** "ထိုမှတပါး၊ အမြုံမဟူ၍ခေါ်ဝေါ်သောသင်၏အဆွေအမျိုး ဧလိရှဗက်သည်ပဋိသန္ဓေစွဲယူ၍ ယခုခြောက်လအဝင်ရှိပြီ။")ဤနေရာတွင်ယောဟန် ကိုခြောက်လကြာပဋိသန္ဓေစွဲယူပြီးမှသခင်ယေရှုကိုပဋိသန္ဓေစွဲယူထားသည်မှာ နိုဝင်ဘာ သို့မဟုတ် ဒီဇင်ဘာလဖြစ်ကြောင်းတွေ့ရှိရပါသည်။ ထို့ကြောင့်ကိုးလ ကြာပြီးမှသခင်ယေရှုကိုဘွားမြင်လာသည်မှာ ဩဂုတ်လ သို့မဟုတ် စက်တင်ဘာလ ဖြစ်ပါသည်။

ကျမ်းစာကိုဖတ်ရှုခြင်းအားဖြင့် ဒီဇင်ဘာလအတွင်းဘွားမြင်ကြောင်းလည်း

မဟုတ်ကြောင်းရှင်းလင်းစွာတွေ့ရှိရပါသည်။ သို့သော်လည်းဒီဇင်ဘာလ အစားသြဂုတ်လသို့မဟုတ်စက်တင်ဘာလတွင်ဘွားမြင်ကြောင်းသာဖြစ်ပါသည်၊ ၊ ဤအချိန်သည် ဆောင်းတွင်းအချိန်မဟုတ်ဘဲနှစ်စဉ်ကျရောက်လျက်ရှိသည့်ဥပုသ်နေ့ကြီးအချိန်တွင်သာဖြစ်ပါသည်။

## ယေရှုမွေးဘွားချိန်ခန့်မှန်းခြေမှတ်တမ်းတင်သမိုင်း

အသင်းတော်ရာဇဝင်ကျမ်းပြုဆရာအီရေးနီးယစ်( Iranaeus) နှင့်ယူဆီးဘီးယစ် ( Eusebius) တို့သည်ခရစ်တော်မွေးဘွားချိန်ကို သမိုင်းတွင်ရေးသားခဲ့ပါသည်။ ထိုရေးသားခဲ့သည့်အချိန်နှင့် တမန်တော်ရေးခြင်းနှင့်တချိန်တည်းဖြစ်ပါသည်။ ထိုအချိန်သည် ဆောင်းဦးရာသီ စက်တင်ဘာ သို့မဟုတ် အောက်တိုဘာလ 2B.C တွင်မွေးဘွားခြင်းဖြစ်သည်။ ဒီဇင်ဘာလအတွင်းဘွားမြင်ကြောင်းလည်း မဟုတ်ပါ။

အီရေးနီးယစ်( Iranaeus) သည် လုဒူနမ်( Lugdunam) မှဘုန်းတော်ကြီးတပါးဖြစ်ပါသည်။ ထို လုဒူနမ်( Lugdunam) မြို့ ယနေ့တွင် ပြင်သစ်နိုင်ငံမှ လိုင်းယောန် ( Lyons) မြို့ ခေါ်ဆိုသည်။ သခင်ယေရှုရှင်ပြန်ထမြောက်ပြီး နှစ်ပေါင်းတစ်ရာတွင် အီရေးနီးယစ်( Iranaeus)မွေးဘွားခဲ့သည်။ရောမအင်ပါယာသြဂုတ်စထက် (Augustus) အုပ်ချုပ်ချိန်41နှစ်မြောက်တွင်ခရစ်တော်မွေးဘွားသည်ဟုရေးသားထားသည်။ သြဂုတ်စထက်(Augustus) သည်ဆောင်းဦးရာသီ 43B.Cကတည်းကစတင်အုပ်ချုပ်ခဲ့ပါသည်။ ထို့ကြောင့် ခရစ်တော်မွေးဘွားချိန်သည် ဆောင်းဦးရာသီ 2B.C တွင်ဖြစ်ကြောင်းသက်သေခံရေးသားထားခြင်းဖြစ်သည်။ (B.C ကိုခရစ်သက္ကရာဇ်ကိုနောက်ပြန်ရေတွက်ရသည်။)


Irenaeus of Lyons

ယူဆီးဘီးယစ်( Eusebius) သည် ပါလက်စတိုင်း( Palestine) နိုင်ငံ ဆီးဇရာ ( Caesarea)မြို့မှ ဘုန်းတော်ကြီးဖြစ်သည်။ သူသည် ပိုလီခရပ်( Polycarp) ၏တပည့်တဦးဖြစ်ပြီး ရှမားရီးယာန်(Smyrna) တည်နေရာကို ယနေ့အခေါ် တူရကီ (Turkey) နိုင်ငံဟုခေါ်သည်။ပိုလီခရပ်(Polycarp)သည်တမန်တော်ရှင်ယောဟန်၏နောက်လိုက်တပည့်တဦးဖြစ်သည်။ သူသည် 264-340A.Dအထိအသက်ရှင်ခဲ့သည်။သူသည်ကျော်ကြားသောကျမ်းပြုဆရာဖြစ်သည်။ထို့ကြောင့်သူ့အား " အသင်းတော်သမိုင်း၏ဖခင် " ဟုခေါ်ဆိုသည်။ အီရေးနီးယစ်( Iranaeus) သူသည်ဩဂုတ်စထက်(Augustus) အုပ်ချုပ်ချိန် 42နှစ်မြောက်တွင်ခရစ်တော်မွေးဘွားသည်ဟုရေးသားခဲ့သည်။ (ဆောင်းဦးရာသီ 2B.Cမှဆောင်းဦးရာသီ1B.C စပ်ကြားတိုင်အောင်) ဖာရို ကလီယိုပက်ထရာ ( Cleopatra) နှင့် သူမ၏ချစ်သူ မာတ်(စ်) အန်တိုနီ( Marc Antony) တို့သေပြီးနောက်အီဂျစ်နိုင်ငံကိုရောမအင်ပါယာသိမ်းသွင်းပြီး **28နှစ်မြောက်**တွင်ကယ်တင်ရှင်မွေးဘွားသည်ဟုရေးသားထားသည်။ထိုအီဂျစ်နိုင်ငံကိုရောမအင်ပါယာသိမ်းသွင်းသည့်အချိန်ကာလမှာ ဆောင်းဦးရာသီ 30 B.C တွင်ဖြစ်သည်။ ထို **28နှစ်** အချိန်ကာလမှာဆောင်းဦးရာသီ 3 B.Cမှဆောင်းဦးရာသီ 2 B.C တိုင်အောင်ဖြစ်ပါသည်။


Eusebius of Caesarea

ထို့ကြောင့် အီရေးနီးယစ်( Iranaeus) နှင့်ယူဆီးဘီးယစ်( Eusebius) တို့နှစ်ဦး၏ ခရစ်တော်မွေးဘွားချိန် ကို တွက်ချက်ခြင်းမှာ ဆောင်းဦးရာသီ 2B.C တွင်ဖြစ်ကြောင်းလက်ခံသည်။ ထိုနှစ်ဦးတို့၏ သမိုင်းအရနှင့် ကျမ်းစာအရ ခရစ်တော်မွေးဘွားချိန်သည်**ဒီဇင်ဘာ ၂၅ရက်**တွင်ခရစ်တော်မွေးဖွားခြင်းမဟုတ်ကြောင်း သက်သေအထောက်အထားတွေ့ရှိရပါသည်။

အဘယ်ကြောင့် ရောမအသင်းတော်တွင်ကယ်တင်ရှင်မွေးဖွားခြင်းပွဲတော်ကို **ဒီဇင်ဘာ ၂၅ရက်**တွင်မကျရောက်ဘဲနှင့်ပွဲတော်ကျင်းပရန်ဆုံးဖြတ်ခဲ့သနည်း။ အဖြေမှာသင့်ကိုအံ့သြစေလိမ့်မည်။

## နေဘုရား၏မွေးနေ့

ရောမတွင်မှားယွင်းသောဘုရားပေါင်းများစွာကိုဝတ်ပြုကိုးကွယ်ကြသည်။ ရောမနိုင်ငံ၏ ဒုတိယနှင့် တတိယရာစုခရစ်ယာန်အသင်းတော်များ ကိုးကွယ်သည့်ဘုရားကြီးတဆူမှာ ဆိုးလ် အင်ဗိတ်တက်(စ်) ( Sol invictus) ဖြစ်သည်။ ထိုဘုရားမှာနေဘုရားဖြစ်ပြီး(မစ်တရာသို့မဟုတ်ဂျူပီတာ(Mithras or Jupiter)) ဟူ၍လည်းခေါ်ဆိုသည်။ ရောမတွင်ထို မှားယွင်းသောဘုရားကိုးကွယ်ခြင်းကို ဆီးမာရီးယာန်(Smyrna) နိုင်ငံမှ ဗားရက်(စ်)အဗီးတက်(စ်)(Varius Avitus) ဆို

သည့်လူငယ်တဦးမှစခဲ့သည်။ ထို့နောက်ထိုသူသည် အသက် ဆယ့်လေးနှစ်တွင်မားခက်(စ်) အူရေးလက်(စ်) အန်တိုနီးယက်(စ်) ဩဂုတ်ဆတက်(စ်)(Marcus Aurelius Antoninus Augustus) အင်ပါယာ အဲလယ်ကဘော ( Elagabalus) ဖြစ်လာသည်။ သူသည်သမိုင်းကိုကောင်းမွန်စွာ နားလည်သည်အဘယ့်ကြောင့်ဆိုသော် ရာဇဝင်ကျမ်းပြုရာ၌ထက်မြက်သောဆရာတဦးဖြစ်ပြီးယောကျာ်းခြင်းမေထုန်သံဝါကပြုလျက်အပြစ်နှင့်ပြည့်နက်နေသောသူတစ်ယောက်အဖြစ်အသက်ရှင်ခဲ့သည်။သူ၏ငယ်ရွယ်ချိန်တွင်အီမေးရှာ(Emesa)မြို့ရှမာရီးယား(Smyria) နိုင်ငံတို့၌ အယ်လယ်ကဘော (Elagabalus) သည် ယဇ်ပရောဟိတ်အကြီးအကဲဖြစ်သည်။ ကိုးကွယ်သည့်ဘုရားမှာရှမားရီးယားနေဘုရားအီလယ်ကဘော(EL Gabal)ကိုဗာလ(Baal) ဟူ၍လည်းခေါ်ဆိုသည်။ ဣသရေလလူမျိုးများသည် စစ်မှန်သောထာဝရဘုရားအစားမှားယွင်းသောဗာလ ဘုရားကိုကိုးကွယ်ခဲ့သည်။


Roman Emperor Elagabalus

အင်ပါယာ အယ်လယ်ကဘော (Elagabalus) သည် 218 A.D မှစတင်အုပ်ချုပ်ပြီး 222 A.D တွင်လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည်။ အယ်လယ်ကဘော (Elagabalus) သည် ရှမာရီးယား(Smyria) နိုင်ငံမှကျောက်တုံးအနက်ကိုရောမနိုင်ငံသို့သယ်ဆောင်ခဲ့ပြီး ရှမာရီးယားနေဘုရား အယ်လယ်ကဘော(ဗာလ)ဟုအမည်မှည့်ကာရောမနိုင်ငံ၏ဘုရားအကြီးအကဲဖြစ်စေခဲ့သည်။ထိုမှားယွင်းသောသူ့နတ်ဘုရားမှစဉ်းစားတွေးတောကာ သူသည်ကောင်းကင်မှ လူအဖြစ်ဆင်းပြန်ဝင်စားသည်ဟုသူ့ကိုသူအမည် မှည့်ခဲ့သည်။ ရောမတွင်အီလယ်ကဘော (EL Gabal) ဗာလ(Baal) ဘုရားကိုဆိုးလ် အင်ဗိတ်တက်(စ်) ( Sol invictus) နေဘုရားဟူ၍လက်ခံခဲ့သည်။




Sol invictus- the Roman sun god

ဆိုးလ် အင်ဗိတ်တက်(စ်) (Sol invictus) နေဘုရားကိုရောမအင်ပါယာ၌သရေဝင်နေဘုရားဖြစ်လာသည်။ 274 A.D တွင်ထိုယုံကြည်မှုမှာရောမ၏ရိုးရာဓလေ့ယုံကြည်မှု ဟူ၍ ပိုမိုကျယ်ပြန့်လာအောင် အော်ရေရီယာန်(Aurelian) အင်ပါယာမှပြုလုပ်ခဲ့သည်။ (Wikimedia.org,article:sol invictus)မှကောက်နှုတ်ထားပါသည်။



အော်ရေရီယာန်(Aurelian) အင်ပါယာနှင့်သူ၏ရောင်ခြည်ဖြာထွက်နေသောသရဖူကိုငွေဒင်္ဂါး၌ရောမနိုင်ငံ 274 A.D တွင်တံဆိတ်ထုရိုက်ခဲ့သည်။
ရာစု 3 နှင့် ရာစု 4 အတောအတွင်းရောမနိုင်ငံတွင်နေဘုရားသည်အင်မတန်ကျော်ကြားခဲ့သည်။

"274 A.D တွင်ဒီဇင်ဘာ ၂၅ နေ့ရက်ကိုနေဘုရား၏မွေးနေ့ဟုရောမတို့သတ်မှတ်ခဲ့သည်။ ထိုနေ့၌သိသာစွာနေ၏အလင်းရောင်ခြည်မှာပိုမိုတောက်ပပြီးနေ့တာချိန်လည်းပိုမိုကြာရှည်သောကြောင့်နေဘုရား၏မွေးနေ့ဟုသတ်မှတ်ခဲ့သည်။ (www.truthoradition.com)မှကောက်နှုတ်ထားပါသည်။

အော်ရေရီယာန်(Aurelian) အင်ပါယာမှဒီဇင်ဘာ ၂၅ နေ့ရက်ကိုနေဘုရား၏ မွေးနေ့ဟူ၍ကြေညာခဲ့သည်။

ထိုအချိန်၌ပါးရှားစစ်ပွဲမှပြန်လာသောစစ်သားများထံမှ မစ်တရာ(Mithra) နတ်ဘုရားတပါးလည်းရောမမြို့၌ကိုးကွယ်မှုတခုအဖြစ်နေခဲ့သည်။ ပါးရှားလူမျိုး၏ယုံကြည်ကိုးကွယ်သော မစ်တရာ(Mithra) နတ်ဘုရားတပါးသည်လည်း နေဘုရားနှင့်အတူ တကွပေါင်းစပ်ဝတ်ပြုကိုးကွယ်နိုင်သည်။ အဘယ့်ကြောင့်ဆိုသော် မစ်တရာ(Mithra) နတ်ဘုရား၏ဦးတည်ချက်သည်လည်း နေနတ်ဘုရားဖြစ်သည်။ ထို့ကြောင့် မစ်တရာ(Mithra) နတ်ဘုရားနှင့်အင်ဗိတ်တက်(စ်) ( Sol invictus) နေနတ်ဘုရား (ရောမနှင့်ပါရှား) တို့ပေါင်းစပ်ပြီးနေနတ်ဘုရားတဆူဖြစ်စေခဲ့သည်။ "ရောမမှထင်ပေါ်ကျော်ကြားဆုံးသောမစ်တရာ(Mithra) နေနတ်ဘုရား၏ပြန်လည်မွေးဘွားခြင်းအထွတ်အထိပ်ကိုဆောင်းလယ်ဒီဇင်ဘာ ၂၅ရက်တွင်စတင်ကျင်းပခဲ့သည်။" <u>(Article: Is 25th December the correct date for celebrating Christmas ?, Dec 24, 2004, Hindu World Wide Web-new) မှကောက်နုတ်ထားပါသည်။</u>

ခရစ်ယာန်ဘာသာသည်ရောမနှင့်ပါးရှားတွင်အဓိကဘာသာရေးဖြစ်သော မစ်တရာ(Mithra)နေနတ်ဘုရား၏မွေးနေ့ဒီဇင်ဘာ ၂၅ရက်နေ့ကိုချေးငှားကာ ခရစ်ယာန်တို့၏ယေရှုမွေးနေ့ဟူ၍ရိုးရာဓလေ့အဖြစ်တည်ရှိနေဆဲဖြစ်သည်။

ရောမအသင်းတော်၏ခေါင်းဆောင်ဆရာများသည်မှားယွင်းသောနတ်ဘုရားများ၏ဝတ်ပြုကိုးကွယ်မှုများလက်ခံဆောင်ရွက်ခဲ့သည်။ မှားယွင်းသောကျင့်ဆောင်မှုများသည်ခရစ်ယာန်များထဲသို့ ပြန့်ပွားစေပြီးကျင့်သုံးကြသည်။ နေနတ်ဘုရား အင်ဗိတ်တက်(စ်)( Sol invictus)နှင့်နေနတ်ဘုရားမစ်တရာ(Mithra) တို့၏မွေးနေ့ဒီဇင်ဘာ ၂၅ရက်နေ့ကိုဖြောင့်မတ်မှန်ကန်ခြင်း၏သားတော်ယေရှုမွေးဘွားသည့်နေ့ဟူ၍ပြုလုပ်ကြပါသည်။

333 A.D ခုနှစ်ရောမတွင်လိုက်ဖက်ညီအောင်ကိုးကားပြီးကျင်းပသောပွဲတော်ကိုခရစ်ယာန်များ၏ အရေးပါသောပွဲတော်သဖွယ် "ဖြောင့်မတ်မှန်ကန်ခြင်း၏သားတော်ရုပ်ပုံ၏ပွဲတော် 'Feast of the Nativity of the Sun of Righteousness'" ဟုခေါ်ဆိုကြသည်။ ရောမတို့၏ဆောင်းလယ်၌ကျင်းပသောနေဘုရားအားရို

သေလေးစားကြောင်းပြသသည်။ ပွဲတော်အားခရစ်ယာန်ထဲသို့ထိုးသွင်းကာ ရိုးရာဓလေ့ကိုးကွယ်မှုအနေဖြင့်ကြိုးပမ်းခဲ့ကြသည်။ နတ်ဘုရားပွဲတော်သည် ခရစ်ယာန်များ၏ပွဲတော်တခုဖြစ်လာခဲ့သည်။ရောမအသင်းတော်မှထိုပွဲတော် ကိုဘာသာရေးအရနှင့်စစ်မှုရေးအရပြန့်နှံ့ကာကြီးစိုးလွှမ်းမိုးခဲ့သည်။ ထိုဒီဇင် ဘာ ၂၅ရက်နေ့တွင်ခရစ်တော်၏မွေးနေ့ပွဲပမာထင်ပေါ်ကျော်ကြားခဲ့သည်။ထို အကြောင်းကြောင့်ခရစ်တော်နှင့်နတ်ဘုရားတို့အားစုပေါင်းပြီးပြုလုပ်သောပွဲ ကိုခရစ္စမတ်(စ်)“Christmass”ဟုခေါ်သည်။အတိုချုန်းအားဖြင့်ခရစ္စမတ်“Christmas” ဖြစ်သည်။ (www.truthortradition.com) မှကောက်နှုတ်ထားပါသည်။

သန့်ရှင်းသောဘုရားအား ဝတ်ပြုကိုးကွယ်ခြင်းသည် ပထမဆုံးရာစု နှစ် ခု ၌ရောမမှနတ်ဘုရားကိုးကွယ်မှုနှင့်ပေါင်းစပ်ခဲ့သည်။ထိုပေါင်းစပ်ခြင်းသည်ဒီဇင် ဘာ ၂၅ရက်နေ့၌ကျင်းပသောခရစ်တော်မွေးခြင်းနှင့်နတ်ဘုရားပွဲတော်ကျင်းပ ခြင်းတို့ဖြစ်သည်။

## ကွန်စတန်တင်းအင်ပါယာနှင့်ခရစ်စမတ်

ကွန်စတန်တင်းဘုရင်သည်နေနတ်ဘုရားကိုးကွယ်သူတစ်ဦးဖြစ်သည်။ 312A.Dတွင်သူသည်ရောမနိုင်ငံ၌အင်ပါယာတခုဖြစ်လာပါသည်။တိဘာ(Tiber) မြစ်နဘေးတွင် တိုက်ခဲ့သော စစ်ပွဲတွင် သူအောင်မြင်ခဲ့သည်။ ထိုစစ်မတိုက်မီ သူသည်ကောင်းကင်မှနိမိတ်လက္ခဏာကိုကြည့်ခဲ့သည်။ ထိုနိမိတ်လက္ခဏာမှာ နေနှင့်အတူ လက်ဝါးကားတိုင်နှင့်စကားလုံးတချို့ကို မြင်ခဲ့သည်။ ထိုလက္ခဏာ အားဖြင့်သူအနိုင်ရရှိခဲ့သည်ဟုယုံကြည်ခဲ့သည်။ သူအောင်မြင်ပြီးနောက်ခရစ် ယာန်ဘာသာဝင်၌အရေးအကြီးဆုံးသောသူတဦးဖြစ်ခဲ့သည်။ 337A.Dတွင်သူ သေဆုံးခါနီး နှစ်ခြင်းခံခဲ့သည်။ ဂျူပီတာနတ်ဘုရားနှင့် အခြားမှားယွင်းသော နတ်ဘုရားများကိုသူနှစ်ခြင်းခံသည့်အထိကိုးကွယ်ခဲ့သည်။


Byzantinischer Mosaic of Constantine the Great

ကွန်စတန်တင်းဘုရင်သည်ခရစ်ယာန်နှင့်နတ်ဘုရားတို့ရိုးရာဓလေ့ယုံကြည်မှုတို့ကိုသူအုပ်ချုပ်ချိန်၌ပေါင်းစပ်စေခဲ့သည်။ ထိုအချိန်တွင်ဆောင်းတွင်းပွဲတော်နှစ်မျိုးကျင်းပသည်။ ပထမမှာဒီဇင်ဘာ ၁၇ရက်နေ့တွင်စတင်ပြီး ၇ ရက်ကြာအောင်ကျင်းပသည့်ပွဲမှာ စိုက်ပျိုးရေးနတ်ဘုရားပွဲ (Saturn) ဖြစ်သည်။ ဒုတိယမှာဒီဇင်ဘာ ၂၅ရက်နေ့မှစပြီး ဇန်နဝါရီ ၁ရက်တိုင်ကျင်းပသည့်ပွဲမှာမစ်တရာ (Mithra) မွေးနေ့နှင့် ပါးရှားအလင်း၏ဘုရားတို့ဖြစ်သည်။ ထိုပွဲနှင့်တကွခရစ်တော်၏ မွေးနေ့ခရစ္စမတ်ဟူ၍လည်းပေါင်းစပ်ကျင်းပကြသည်။ ထိုပွဲတော်အခါ၌အားလပ်ရက်နေ့ဖြစ်စေပြီးလက်ဆောင်ပစ္စည်းများဖလှယ်ခြင်း၊ မိသားစုနှင့်သူငယ်ချင်းများအတူပျော်ရွှင်ခြင်းများကိုပါးရှားနှင့်ရောမတွင်ကျင်းပသည့်ပွဲတော်သဖွယ်ကျင်းပကြသည်။<u>(www.allaboutjesuschrist.org/emperor-faq.htm) မှကောက်နုတ်ထားပါသည်။</u>

စိုက်ပျိုးရေးနတ်ဘုရား၏ပွဲတော်ကျင်းပခြင်း၌စားသောက်ခြင်း၊ လက်ဆောင်ပေးခြင်း၊ ဖယောင်းတိုင်မီးထွန်းခြင်းနှင့်မွေးဘွားခြင်းနှင့်ဆိုင်သောသီချင်းဆိုခြင်းများကိုယနေ့တိုင်အောင်ကျင်းပကြသည်။ စိုက်ပျိုးရေးနတ်ဘုရားကိုးကွယ်မှုကိုခရစ်ယာန်များထဲ ကွန်စတန်တင်း ထိုးသွင်းပေးခဲ့ခြင်းကိုမစူးစမ်းမိခဲ့ကြပါ။

ခွန်စတန်တင်း ( Constantine) ပြီးသွားသည့်နောက်ရောမအင်ပါယာအချိန်တွင်ခရစ္စယာန်ဘာသာဝင်များထဲသို့ မှားယွင်းသောရုပ်တုဆင်းတုကိုးကွယ်မှုများကိုဆက်ပြီးလက်ခံသွားဖို့ဖြစ်သော်လည်း ထိုအင်ပါယာအချိန်တွင်ခရစ္စယာန်

ဘာသာဝင်များကို လက်ခံပြီး နတ်ဘုရား မစ်တရာ(Mithra) နှင့် နေဘုရားကို လက်ခံခြင်းမှတားမြစ်ခဲ့ပါသည်။

(Theodosius) သည် နတ်ဘုရားမစ်တရာ(Mithra) ကိုဝတ်ပြုကိုးကွယ်သူတိုင်း သေထိုက်သည့်ပြစ်ဒဏ်ခံစေသည်။ နတ်ဘုရားမစ်တရာ(Mithra) ၏ပုံနိမိတ်ကိုသိမ်းယူထားခြင်းပြစ်ပြီး သခင်ယေရှုကိုယုံကြည်ကိုးကွယ်စေသည့်အမှုမှာ လူအများသူ့ကိုလက်ခံလာအောင်သာဖြစ်ပါသည်။

ရှေးကရုပ်တုဆင်းတုကိုးကွယ်မှုကွယ်ပျောက်သွားသော်လည်း ထိုအချိန်တွင် ခရစ်ယာန်ဘာသာဝင်များသည် စစ်မှန်သောကျမ်းစာထဲကအမှန်တရားများနှင့် မှားယွင်းသော ရုပ်တုဆင်းတု ကိုးကွယ်မှုများကို ပေါင်းစပ်ကာဝတ်ပြုကိုးကွယ်ခဲ့ကြပါသည်။

## ခရစ်ယာန်ဘာသာဝင်များနှင့်မှားယွင်းသောရုပ်တုဆင်းတုကိုးကွယ်မှုများကို ပေါင်းစပ်ကာဝတ်ပြုကိုးကွယ်ခြင်းကိုထာဝရဘုရားအဘယ်သို့ထင်မည်နည်း။

ပညာတတ်သူတော်တော်များများသမိုင်းကိုလေ့လာခြင်းအားဖြင့်သိထားကြသည်မှာ ခရစ္စမတ်သည်မှားယွင်းသော နတ်ဘုရားများ၏ သန့်ရှင်းသည့်နေ့ဖြစ်ကြောင်းကိုသိထားကြပါသည်။ **ဒီဇင်ဘာ ၂၅ရက်** တွင်သခင်ယေရှုကိုမွေးဖွားခြင်း မဟုတ်ကြောင်းလည်း သိထားကြသည်။ သို့သော်လည်း ခရစ္စမတ်ကိုလက်ခံကျင်းပသည်မှာ သခင်ယေရှုအပေါ်တွင်ရှိးသားခြင်းအကြောင်းသာ သိစေချင်သောကြောင့်၊ နေဘုရား ဗာလဘုရားနှင့် အခြားသောနတ်ဘုရားများအတွက်ပွဲတော်ကျင်းပခြင်းမဟုတ်ကြောင်းသူတို့ပြောဆိုထားပါသည်။
ထာဝရဘုရားအဘယ်သို့ထင်မည်နည်း။

**ယေရမိ ၁၀း၂–၅** "ထာဝရဘုရားမိန့်တော်မူသည်ကား၊ သာသနာပလူတို့၏ဘာသာ ဓလေ့၌ မကျင်လည်ကြနှင့်။ သာသနာပလူတို့ ထိတ်လန့်ကြောက်တတ်သောမိုဃ်းနိမိတ်တို့မှ မထိတ်လန့်မကြောက်ကြနှင့်။ အလူအမျိုးမျိုးတို့ကျင့်သော ဓလေ့တို့သည်အချည်းနှီးဖြစ်ကြ၏။ အဘယ်သို့နည်းဟူမူကား၊သူ

တို့သည်တော၌သစ်ပင်ကိုခုတ်လှဲ၍၊ ပုဆိန်နှင့်လုပ်တတ်သောလက်သမား၏ လက်လုပ်ရာဖြစ်သောအရာကို၊ ရွှေငွေနှင့် လှပစွာချယ်လှယ်ပြီးလျှင်၊ မလှုတ် ရှားစေခြင်းငှါ သံချွန်ကိုတူနှင့်ရိုက်ထားကြ၏။ သူသည်စွန်ပလွံပင်ကဲ့သို့ခိုင်မာ ၍စကားမပြောတတ်။ မိမိအလိုအလျောက်မသွားနိုင်သောကြောင့်၊ ထမ်း၍ သွားရ၏။ ထိုအရာတို့ကို မကြောက်ကြနှင့်။ အန္တရာယ်တို့ကိုမပြုနိုင်။ ကျေး ဇူးကိုလည်းမပြုနိုင်။"

ဤအရာမှာ မှားယွင်းသောရုပ်တုဆင်းတုကိုးကွယ်မှုများလုပ်ဆောင်ခြင်းဖြစ် ပါသည်။ ထာဝရဘုရား၏ပညတ်တော်များ နှင့် မှားယွင်းသောနတ်ဘုရား၏ ဝတ်ပြုကိုးကွယ်ခြင်းပေါင်းစပ်လိုက်သောကြောင့်ဖြစ်ပါသည်။

အီဂျစ်ပြည်မှထွက်လာသောဣသရေလလူမျိုးများသည်သိနာတောင်ပေါ် မှမောရှေပြန်ဆင်းလာမည့်အချိန်အထိမစောင့်နိုင်သောကြောင့်ထာဝရဘုရား အစား ရုပ်တုဆင်းတုကိုပြုလုပ်ကိုးကွယ်ခြင်းဖြစ်ပါသည်။ သူတို့သည်အာရုန် ထံသို့သွားကာခွင့်တောင်းပြီး အာရုန်သည်ရွှေများကိုစုပြီးမှနွားသငယ်ရုပ်တု ကိုပြုလုပ်လေ၏။

ရွှေနွားသငယ်ရုပ်တုကိုပြုလုပ်ပြီးဘာဆက်ဖြစ်ပါသလဲ။

**ထွက်မြောက်ရာကျမ်း ၃၂:၄-၅** "အာရုန်သည်လည်းလက်ခံ၍၊ နွားသငယ် ပုံသဏ္ဌာန်ကို ကညစ်နှင့်ရေးသားပြီးလျှင် သွန်းလေ၏။ လူများတို့ကလည်း အို ဣသရေလအမျိုး၊ ဤဘုရားသည် သင့်ကို အဲဂုတ္တုပြည်မှ သင့်ကိုနှုတ်ဆောင် သော သင်၏ဘုရားဖြစ်တော်မူသည်ဟု ဆိုကြ၏။ အာရုန်သည်ထိုအမှုကိုသိ မြင်လျှင်၊ရုပ်တုရှေ့မှာယဇ်ပလ္လင်တည်၍၊နက်ဖြန်နေ့သည်ထာဝရဘုရားအဘို့ ပွဲခံရသောနေ့ ဖြစ်သည်ဟု တပ်ကိုလည်၍ကြော်ငြာစေ၏။"

အာရုန်သည်ထိုအမှုကိုသိမြင်လျှင်၊ရုပ်တုရှေ့မှာယဇ်ပလ္လင်တည်၍၊နက်ဖြန်နေ့ သည်ထာဝရဘုရားအဘို့ပွဲခံရသောနေ့ ဖြစ်သည်ဟုတပ်ကိုလည်၍ကြော်ငြာ စေသော်လည်းလူအများတို့သည်သူတို့၏နတ်ဘုရားအဖြစ်နွားသငယ်ရုပ်တု ကိုသာကိုးကွယ်ကြပါသည်။

မှားယွင်းသောရုပ်တုဆင်းတုကိုးကွယ်ခြင်းအမှုများနှင့်စစ်မှန်သောထာဝရဘုရားကိုဝတ်ပြုကိုးကွယ်ခြင်းကို ပေါင်းစပ်ထားသောလူများအဘယ်သို့ဖြစ်မည်နည်း။

**ထွက်မြောက်ရာကျမ်း ၃၂း၉–၁၀** “ ဤလူမျိုးကိုငါကြည့်မြင်ပြီ။ လည်ပင်းခိုင်မာသောအမျိုးဖြစ်၏။ သို့ဖြစ်၍ငါ့ကိုရှိသေတော့။ငါသည်အမျက်ပြင်းစွာထွက်၍ သူတို့ကို ဖျက်ဆီးမည်။ သင့်ကိုကားကြီးသော အမျိုးဖြစ်စေမည်ဟူ၍ရင်း၊ မောရှေအားမိန့်တော်မူ၏။”

ဣသရေလလူမျိုးအားလုံးကိုမဖျက်ဆီးစေဖို့အတွက်မောရှေသည်ထာဝရဘုရားသခင်ထံတော်တွင်အသနားခံလေ၏။ သို့သော်လည်းအချို့သောလူတို့ကိုမူ ဒဏ်ခတ်တော်မူ၏။

**ထွက်မြောက်ရာကျမ်း ၃၂း၃၅** “အာရုန်နှင့်လူများတို့သည်နွားသငယ်ကိုလုပ်ကြသောကြောင့်သူတို့ကိုဒဏ်ခတ်တော်မူ၏။”

ခရစ်ယာန်များအနေနှင့် စစ်မှန်သောထာဝရဘုရားကိုဝတ်ပြုကိုးကွယ်ခြင်းနှင့်မှားယွင်းသောရုပ်တုဆင်းတုများကို အစားထိုးပေါင်းစပ်ကာ ဝတ်ပြုကိုးကွယ်ခြင်းမပြုသင့်ကြောင်း နှင့် ထာဝရဘုရား၏ အမျက်တော် ခံရပြီး ဒဏ်ခတ်စေတော်မူသာဖြစ်ပါသည်။

**ဒီဇင်ဘာလ** တွင်သခင်ယေရှုအဖို့သန့်ရှင်းသည့်လ မဟုတ်ဘဲ နတ်ဘုရား၏လွတ်လပ်သည့် နေ့ရက်သာဖြစ်ပါသည်။ စစ်မှန်သောထာဝရဘုရားနဲ့အတူမှားယွင်းသော နတ်ဘုရားကိုဝတ်ပြုကိုးကွယ်သောသူတိုင်းကို ထာဝရဘုရားလက်ခံမည်မဟုတ်ဘဲ အမျက်တော်နှင့်မထိမဲ့မြင်ခြင်းသာခံရမည်ဖြစ်ပါသည်။

စစ်မှန်သောထာဝရဘုရား၏စကာလုံးမှာမှားယွင်းသောနတ်ဘုရားကိုဝတ်ပြုကိုးကွယ်ခြင်းဓလေ့နှင့်ပေါင်းစပ်ဝတ်ပြုကိုးကွယ်ခြင်းမပြုရ။

(ရုပ်ပုံ၏ကောက်နုတ်ထားခြင်းသာဖြစ်ပါသည်။)
Figure 1: Iranaeus of Loyons, Publish Domanin

Figure 2: Eusebius of Caesarea, Public Domain

Figure 3: Sol Invictus Disc: Courtesy © **Marie-Lan Nguyen / Wikimedia Commons**

Figure 4: Emperor Elagabalo: Country © Giovanni Dall'Orto / Wikimedia Commons

Courtesy Figure 5: Emperor Aurilian in Radiant Crown, Courtesy © **Classical Numismatic Group, Inc.**

Figure 6: Mosaic of Emperor Constantine I, Courtesy © *Zenodot Verlagsgesellschaft mbH* / Wikimedia Commons

မေးခွန်းများကိုမေးလိုပါက

**Pastor Thurston Leon Sexton**
Sabbath Church Of God in Asia
213/1 Moo 3, Ban Mae Sa Luang
T. Mae Sa, A. Mae Rim
Chiang Mai 50180 Thailand

ဘာသာပြန်သူ– အားဂျာရှန်